# ၁၂ ရာစု မှ ၁၃ ရာစုအတွင်း
# မြန်မာဘာသာစကားဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာပုံ

ပါရဂူ (PhD) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မထွေးထွေးအောင်သိန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

မြန်မာဘာသာစကား၏ မျိုးရိုးဆင်းသက်လာပုံ နှင့် သွင်ပြင်လက္ခဏာ၊ မြန်မာအက္ခရာ နှင့် မြန်မာစာအရေးအသား ပေါ်ပေါက်လာပုံ၊ မြန်မာဘာသာစကား နှင့် ဆက်စပ်နေသော အခြား ဘာသာစကားများဖြစ်သည့် ပျူ၊ မွန်၊ ပါဠိ၊ သက္ကတဘာသာစကား တို့၏အကြောင်းကို တင်ပြ ထားပါသည်။ ၁၂ ရာစု မှ ၁၃ ရာစုအတွင်း မြန်မာဘာသာစကား၏ စကားသံစနစ်ကို ရေးထုံး သွင်ပြင်ပေါ် အခြေခံ၍ လေ့လာပါသည်။ ထို့ပြင် မြန်မာဘာသာစကား၏ စကားလုံးဖွဲ့ပုံစနစ် နှင့် ဝါကျဖွဲ့ပုံစနစ်တို့တွင် တွေ့ရသောသဘောလက္ခဏာများသည် မြန်မာဘာသာစကားကို ဖွံ့ဖြိုး တိုးတက်စေသည်ဟူသောအချက်ကို လေ့လာတင်ပြထားပါသည်။ မြန်မာဝေါဟာရများဖွံ့ဖြိုး တိုးတက်မှုကို လေ့လာရာတွင် ဝေါဟာရများကို အနက်ဖွဲ့ယှက်မှုနယ်ပယ်အရ အမျိုးအစား ခွဲခြား၍ လေ့လာတင်ပြထားပါသည်။ ထို့ပြင် အနက်ဆန့်ကျင်ဝေါဟာရများ၊ ဘာသာခြားစကားမှ ချေးစားထားသောဝေါဟာရများ ၊ ဥပစာအသုံးများ၊ ဝေါဟာရဖန်တီးသုံးနှုန်းပုံ၊ မျိုးပြစကားလုံး အသုံးကြွယ်ဝပုံတို့ကို လေ့လာတင်ပြထားပါသည်။ ပုဂံခေတ် မြန်မာဘာသာစကား၏ စကားသံ၊ သဒ္ဒါ၊ ဝေါဟာရ၊ အနက်အဓိပ္ပာယ်ကဏ္ဍအသီးသီးတို့၏ သဘောလက္ခဏာများကို ဖော်ထုတ်၍ မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာပုံကို လေ့လာတင်ပြထားပါသည်။